# Information Sheet



**VOLUME X, ISSUE 16** 16 November 2021

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းအား လက်ခံတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ | ၂ |
| ၃ | ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC “Rosoboronexport” ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃ |
| ၄ | ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ ပြုကျင့်မှုများတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေထုတ်ပြန် | ၄ |
| ၅ | ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် ဘင်္ဂါလီ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှု | ၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ငွေဆောင်၊ ချောင်းသာကမ်းခြေ ခရီးသွားရာသီဖွင့်ပွဲ ကျင်းပ | ၇ |
| ၇ | ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၈ |
| ၈ | အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster အား ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး | ၁၀ |
| ၉ | PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ် | ၁၁ |
| ၁၀ | နေပြည်တော်မြို့မစျေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးတို့အား ဗုံးဖောက်ခွဲခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့်တရားခံများ ဖမ်းဆီးရမိ | ၁၃ |
| ၁၁ | ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာအနီးတွင် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ | ၁၆ |
| ၁၂ | ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကုန်းကြမ်းမြို့နယ်၊ ကြူစီပါ ကျေးရွာအနီး တားမြစ်ချိန်ကျော်လွန်သွားလာသည့် မော်တော်ယာဉ်အား တားဆီးစစ်ဆေး | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်အား နိုဝင်ဘာလ ၁၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေ။
- မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ။
- မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဘီလ်ရစ်ချတ်ဆန်အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား နိုဝင်ဘာလ ၁၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ။
- မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့၏ ဆက်ဆံရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်နေမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်နေမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chekmarev Andrey Lvo-vich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ တပ်မတော်(ရေ)မှ တာဝန်ရှိသူများနှင့် ရုရှားနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့များက မြန်မာ့တပ်မတော်(ရေ)နှင့် JSC "Rosoboronexport" ကုမ္ပဏီတို့အကြား တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁ )**

- **ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC "Rosoboronexport" ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chekmarev Andrey Lvovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့။**
- **မြန်မာ့တပ်မတော်(ရေ)နှင့် JSC "Rosoboro-nexport" ကုမ္ပဏီတို့အကြား တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ ပြုကျင့်မှုများတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေထုတ်ပြန်

## သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှု တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင်ပါရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဝန်ကြီးဟောင်း ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဟောင်းများဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေး၊ ဒေါက်တာဇော်မြင့်မောင် (မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း)နှင့် ဒေါက်တာ မျိုးအောင် (နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း)ပါ ၁၆ ဦးတို့သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် တည်ဆဲဥပဒေများ၌ပါရှိသော ပြဋ္ဌာန်းချက်များကို ခွင့်ပြုချက်မရှိဘဲ မရိုးမဖြောင့်သော သဘောဖြင့် ဆန့်ကျင်ခြင်းပြစ်မှုကို ကျူးလွန်ခြင်း၊ ယင်းပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ တပ်မဲရုံများကိုစွန့်ပတ်သက်၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူက တည်ဆဲဥပဒေနှင့်အညီ အလုပ်ဝတ္တရားဆောင်ရွက်နေသည်ကို မိမိအလိုအလျောက်ဟန့်တားမှုကို ကျူးလွန်ခြင်းနှင့်နစ်နာစေရန် ခြိမ်းခြောက်ပြောဆိုခြင်း၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်မဲပေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူအား နစ်နာစေရန်ခြိမ်းခြောက်ပြောဆိုခြင်း၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများကို မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဖိအားပေးထောက်ခံလက်မှတ်ရေးထိုးစေခဲ့ခြင်းဖြင့် ရွေးကောက်ပွဲတွင် မလျော်သြဇာသုံးမှုကို ကျူးလွန်ခြင်း၊ NLD ပါတီ အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရွေးကောက်ပွဲ မကျင်းပမီ တစ်ရက်အလိုဖြစ်သည့် ၇-၁၁-၂၀၂၀ ရက်နေ့အထိ မဲစာရင်းတွင် အမည်များထည့်သွင်းရန် မရိုးမဖြောင့်သည့်သဘောဖြင့် စေခိုင်းခဲ့ခြင်းဖြင့် ရွေးကောက်ပွဲ၌ မလျော်သြဇာသုံးမှုကို ကျူးလွန်ခြင်း စသည့်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသဖြင့် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတရားရုံးများတွင် ၁၅-၁၁-၂၀၂၁ ရက်နေ့မှစ၍ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခဲ့ရခြင်းအပေါ် တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများချိုးဖောက်၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲမဖြစ်စေရန် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့ကြသူများနှင့် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှု တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်းဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်ပါ ၁၆ ဦးသည်-

    - ♦ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် တည်ဆဲဥပဒေများ၌ ပါရှိသောပြဋ္ဌာန်းချက်များကို ခွင့်ပြုချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် ဆန့်ကျင်ခြင်းပြစ်မှုကို ကျူးလွန်ခြင်း၊ ယင်းပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း။

    - ♦ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်မဲပေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူအား နစ်နာစေရန် ခြိမ်းခြောက်ပြောဆိုခြင်း။

    - ♦ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများကို မဲစာရင်းတွင် ထည့်သွင်းပေးရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဖိအားပေး ထောက်ခံလက်မှတ် ရေးထိုးစေခဲ့ခြင်းဖြင့် ရွေးကောက်ပွဲတွင် မလျော်သြဇာသုံးမှုကို ကျူးလွန်ခြင်း၊ NLD ပါတီ အနိုင်ရရှိရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း စသည့်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခဲ့ရခြင်းအပေါ် တည်ဆဲဥပဒေများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများချိုးဖောက်၍ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲမဖြစ်စေရန် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့ကြသူများနှင့် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိ။

# ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် ဘင်္ဂါလီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှု





ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၁၅ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့တပ်မတော်လေယာဉ်ဖြင့်ရောက်ရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ထင်လတ်ဦးနှင့်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သီးခြားစီ တွေ့ဆုံကြရာ–

- ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရည်မြင့်မားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ။
- အောင်မြေဗောဓိမဏ္ဍရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဥဿလင်းဘုန်းတော်ကြီးကျောင်းတိုက်ရှိ တိုက်ပွဲရှောင်စခန်းတို့၌ ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများနှင့် သက္ကယ်ပြင်ကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသည့် ဘင်္ဂါလီများအား သွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားခဲ့။

ယင်းနောက် ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ သတင်းထောက်များနှင့်တွေ့ဆုံ၍ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆–၁၁–၂၀၂၁)**

- **ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရည်မြင့်မားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ။**
- **အောင်မြေဗောဓိမဏ္ဍရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဥဿလင်းဘုန်းတော်ကြီးကျောင်းတိုက်ရှိ တိုက်ပွဲရှောင်စခန်းတို့၌ ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများနှင့် သက္ကယ်ပြင်ကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသည့် ဘင်္ဂါလီများအားသွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့။**

# ငွေဆောင်၊ ချောင်းသာကမ်းခြေ ခရီးသွားရာသီဖွင့်ပွဲ ကျင်းပ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် နိုဝင်ဘာလ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျင်းပပြုလုပ်သော ငွေဆောင်၊ ချောင်းသာကမ်းခြေ ခရီးသွားရာသီဖွင့်ပွဲဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်လျက်ရှိသည့် ကမ်းခြေရှိ ဟိုတယ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကမ်းခြေဒေသသို့ ခရီးသွား ဧည့်သည်များ ပျော်ရွှင်ချမ်းမြေ့စွာလာရောက်လည်ပတ်သည့် ကမ်းခြေခရီးစဉ်တစ်ခုဖြစ်စေရေးနှင့်သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ ပူးပေါင်းပြီး တက်တက်ကြွကြွဖြင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁ )**

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်လျက်ရှိသည့် ကမ်းခြေရှိ ဟိုတယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လည်ပတ်သည့် ကမ်းခြေခရီးစဉ်တစ်ခုဖြစ်စေရေးနှင့် ကမ်းခြေဒေသ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ရန် မှာကြားခဲ့။**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




**မြစ်ကြီးနားမြို့သို့ တပ်မတော်လေယာဉ်ဖြင့်ရောက်ရှိလာသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများအား တာဝန်ရှိသူများမှ လက်ခံရယူနေစဉ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၀ ဦးနှင့် အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၁၂၁ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိဝင်ဘာလ ၁၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၁၇၇,၉၁၁ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၈,၀၂၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိဝင်ဘာလ ၁၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၇၆,၇၆၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/သူ စုစုပေါင်း ၁၀,၇၂၂ ဦး အားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိဝင်ဘာလ ၁၅ ရက်အထိ စုစုပေါင်း ၁,၂၆၉,၂၃၈ ဦးအားကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို နိဝင်ဘာလ ၁၅ ရက်နေ့ကကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ ဗဟိုကာကွယ် ဆေးသိုလှောင်ခန်းမှ Sinovac ကာကွယ်ဆေးများကို စစ်တွေမြို့၊ သံတွဲမြို့၊ လားရှိုးမြို့၊ ကျိုင်းတုံမြို့၊ လွိုင်ကော်မြို့၊ ကလေးမြို့၊ ထားဝယ်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့များသို့တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယဉ်ကြီးများဖြင့်ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိ။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၅ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့်ကန်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂ ခုမှ ယာဉ်စီးရေ ၇ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၂၀၀၊ အောက်ဆီဂျင် (Plant) ၆ ခုနှင့် နှာခေါင်းစည်း (Mask) ၅၀ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၃,၂၈၃ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀၀ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၃.၀၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၅-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာ စုစုပေါင်း ၅,၂၃၃,၅၄၈ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၁၃,၉၆၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၉၄၆ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကိုဗစ်-၁၉ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်နေမှု**



**ပြည်ပမှ အောက်စီဂျင်(အရည်)နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တင်သွင်းနေမှု**



**သန်လျင်မြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှု**



**အင်္ဂပူမြို့နယ်အတွင်းရှိ ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု**

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၇၇,၉၁၁ ဦးအားလည်းကောင်း၊ ပထမ အကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၈,၀၂၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၁၅-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၁၃,၉၆၂ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၄၆ ဦးရှိခဲ့။

## အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster အား ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး





အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster အား နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရှိရသည်။

- နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Yohei SASAKAWA နှင့် ကမ္ဘာလုံးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ရစ်ချက်ဆန်စင်တာ ဥက္ကဋ္ဌ Mr. Bill Richardson တို့၏ မေတ္တာရပ်ခံချက်အရ အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံ နေရသည့် အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ပြည်နှင်ဒဏ်ပေးလိုက်။
- လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်သော ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်။

ပြည်နှင်ဒဏ်ပေးခံခဲ့ရသည့် Mr. Daniel Jacob Fenster သည် Mr. Bill Richardson နှင့်အတူ အမေရိကန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**


- **နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Yohei SASAKAWA နှင့် ကမ္ဘာလုံးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ရစ်ချက်ဆန်စင်တာ ဥက္ကဋ္ဌ Mr. Bill Richardson တို့၏ မေတ္တာရပ်ခံချက်အရ အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် အမေရိကန်နိုင်ငံသား Mr. Daniel Jacob Fenster အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုကာ ပြည်နှင်ဒဏ်ပေးလိုက်။**
- **လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်သော ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းဖြစ်။**

# PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများနှင့် နေအိမ်များ၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။ ထို့အပြင် ၎င်းတို့၏ ကိုယ်ကျိုးအတ္တကိုအခြေခံ၍ ကလေးသူငယ်များနှင့် သာသနာ့အကျိုးသယ်ပိုးနေသည့် ရဟန်းသံဃာများကိုပါ အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ သတ်ဖြတ်သည်အထိ ကျူးလွန်လုပ်ဆောင်လျက်ရှိရာ-

- နိုဝင်ဘာလ ၁၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အကြမ်းဖက်အမျိုးသား ၂ ဦးက မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ မင်္ဂလာမုန်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသောမနအား ဆွမ်းဘုန်းပေးနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဆရာတော်မှာ နဖူးမှနောက်စေ့သို့ ကျည်ဖောက်ဝင် ဒဏ်ရာဖြင့် ဖြစ်စဉ်နေရာ၌ပင် ပျံလွန်တော်မူခဲ့။
- နိုဝင်ဘာလ ၁၄ ရက် နံနက် ၁ဝ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပြည်ထောင်စုလမ်းနှင့် သာစည်လမ်းဆုံ မီးပွိုင့်အနီး၌ အကြမ်းဖက်သူများက သံဃာတော်တစ်ပါးအား အကြောင်းမဲ့သတ်ဖြတ်ခဲ့ခြင်းကြောင့် နေရာ၌ပင် ပျံလွန်တော်မူခဲ့။
- နိုဝင်ဘာလ ၁၄ ရက် ညပိုင်းတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဒေါင်းရွာကျေးရွာရှေ့ သိဒ္ဓိအောင်ကျောင်းတိုက် (ရွှေရောင်ပြ)၌ တစ်ပါးတည်း သီတင်းသုံးတော်မူသော ဆရာတော်အား အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းဝန်း ခုတ်သတ်ခဲ့ခြင်းကြောင့် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်း မရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ် ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသောကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအပေါ် မုန်းတီးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း ၈ ပုဒ်မ ၃၆၁ တွင် နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားသည့် အပြင် ပုဒ်မ ၃၆၂ တွင်လည်း နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဘာသာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

## PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်နေမှု



မုံရွာမြို့၊ ပြည်ထောင်စုလမ်းနှင့် သာစည်လမ်းဆုံ၌ အကြမ်းဖက်အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့သည့် သံဃာတော်တစ်ပါး၏ မှတ်တမ်းဓာတ်ပုံ



ဝမ်းတွင်းမြို့နယ်၊ မင်္ဂလာမုန်ကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသောမနအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ

- အကြမ်းဖက်အမျိုးသား ၂ ဦးက ဝမ်းတွင်းမြို့နယ်၊ မင်္ဂလာမုန်ကျောင်း ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တသောမနအား ဆွမ်းဘုန်းပေးနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဆရာတော်မှာ နဖူးမှနောက်စေ့သို့ ကျည်ဖောက်ဝင်ဒဏ်ရာဖြင့် ဖြစ်စဉ်နေရာ၌ပင် ပျံလွန်တော်မူခဲ့။
- အကြမ်းဖက်သူများက မုံရွာမြို့၊ ပြည်ထောင်စုလမ်းနှင့် သာစည်လမ်းဆုံ မီးပွိုင့်အနီး၌ သံဃာတော်တစ်ပါးအား အကြောင်းမဲ့သတ်ဖြတ်ခဲ့ခြင်းကြောင့် နေရာ၌ပင် ပျံလွန်တော်မူခဲ့။
- အကြမ်းဖက်သမားများက ဘီးလင်းမြို့နယ်၊ သိဒ္ဓိအောင်ကျောင်းတိုက်၌ တစ်ပါးတည်း သီတင်းသုံးတော်မူသော ဆရာတော်အား ဓားဖြင့် ပိုင်းဝန်းခုတ်သတ်ခဲ့ခြင်းကြောင့် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့။

# နေပြည်တော်မြို့မဈေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးတို့အား ဖုံးဖောက်ခွဲခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့်တရားခံများ ဖမ်းဆီးရမိ

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိခဲ့ပါသည်–

- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် တင်ကိုငြိမ်း(ခ)ရွှေကောင်း၊ ခင်မောင်ရင်၊ ဇော်မင်းအောင်နှင့် သိန်းဝင်းတို့ ၄ ဦးအား ပွိုင့် ၂၂ ကျည်ဖြင့် ပစ်ခတ်ရသည့် လက်လုပ်သေနတ် ၄ လက်၊ ၅.၅၆ မမကျည် ၁၀ တောင့်၊ လက်လုပ်မိုင်း ၂ လုံး၊ ပြောက်ကျားယူနီဖောင်း/ ဂျာစီများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်အမှတ် (၉၄) မှ ပြောက်ကျား ယူနီဖောင်းများ၊ NLD ပါတီတံဆိပ်ပါအင်္ကျီများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်နှင့် စစ်ဆေးဖော်ထုတ်ချက်များအရ–

- တရားခံ ခင်မောင်ရင်သည် ပျဉ်းမနားမြို့နယ်၊ အဝေရာဆည်အနီး၌ နေပြည်တော် PDF အဖွဲ့မှ ဖွင့်လှစ်သည့် ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ကြောင်း။
- ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး စိုင်းဝင်းနိုင်ဦး (ဖမ်းဆီးရန်ကျန်)မှ ဟန်မင်းထွန်း(ဖမ်းဆီးရန်ကျန်)အား ဖီးနစ်မြို့ပြပြောက်ကျားအဖွဲ့ ဖွဲ့စည်းစေပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်စီစဉ်ခဲ့ကြောင်း။
- တရားခံ တင်ကိုငြိမ်းသည် တောင်ငူမြို့နေ ဝေဠု (ဖမ်းဆီးရန်ကျန်)နှင့် အောင်ပန်းမြို့နေ ခွန်သူရ(ဖမ်းဆီးရန်ကျန်)တို့ထံမှ လက်လုပ်သေနတ် ၄ လက်၊ MG-1 လက်ပစ်ဗုံး ၁ လုံး၊ လက်လုပ်ဗုံး ၁ လုံး၊ ၅.၅၆ ကျည် ၁၀ တောင့်၊ ယမ်းကြိုးနှင့် ဆက်စပ်ပစ္စည်းများအား ဝယ်ယူခဲ့ကြောင်း။
- ဟန်မင်းထွန်း၏ စေခိုင်းမှုဖြင့် ခင်မောင်ရင်သည် ဥတ္တရသီရိမြို့နယ်၊ ဝက်စုကျေး ရွာရှိ ခေါင်ရည်ဆိုင်ရှေ့တွင် လက်လုပ်မိုင်း ၁ လုံး၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ထမ်းကြို/ပို့ ယာဉ်အား ထမင်းဘူး ရီမုမိုင်း ၁ လုံး၊ ဥတ္တရသီရိမြို့နယ်၊ ရဲကင်းအား လက်လုပ်ဗုံး ၁ လုံး၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၃)ရဲစခန်းအနီးတွင် လက်လုပ် ဗုံး ၁ လုံး၊ ဇမ္ဗူသီရိမြို့နယ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းလိုင်းခန်းရှေ့ရှိ ဝန်ထမ်း ကြို/ပို့ယာဉ်အား ထမင်းဘူး ရီမုမိုင်း ၁ လုံး၊ ဥတ္တရသီရိမြို့နယ် လျှပ်စစ်ရုံးအား MG-1 လက်ပစ်ဗုံး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး အပေါ်ထပ်ရှိ စည်ပင်သာယာဈေး၊ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်ဗုံးတို့ဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- အဆိုပါ အကြမ်းဖက်မှုများအား အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်က ကြိုးကိုင်စေခိုင်းခြင်းဖြစ်ပြီး နေပြည်တော် PDF အဖွဲ့သည် ရည်မွန်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိကြောင်းနှင့် ၎င်း၏ ညွှန်ကြားချက်များအတိုင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် ဒလန်ရှင်းလင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူ၊ ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

- **နေပြည်တော်မြို့မဈေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးတို့အား ဖုံးဖောက်ခွဲခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့် တရားခံ ၄ ဦးအား လက်လုပ်သေနတ် ၄ လက်၊ ၅.၅၆ ကျည် ၁၀ တောင့်၊ လက်လုပ်မိုင်း ၂ လုံး၊ ပြောက်ကျားယူနီဖောင်း/ ဂျာစီများ၊ NLD ပါတီတံဆိပ်ပါ အင်္ကျီများနှင့်အတူ ဖမ်းဆီးရမိခဲ့။**

- ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး စိုင်းဝင်းနိုင်ဦး(ဖမ်းဆီးရန်ကျန်)မှ ဟန်မင်းထွန်း(ဖမ်းဆီးရန်ကျန်)အား ဖီးနစ်မြို့ပြပြောက်ကျားအဖွဲ့ ဖွဲ့စည်းစေပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်စီစဉ်ခဲ့။
- အဆိုပါ အကြမ်းဖက်မှုများအား အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်က ကြိုးကိုင်စေခိုင်းခြင်းဖြစ်ပြီး နေပြည်တော် PDF အဖွဲ့သည် ရည်မွန်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိကြောင်းနှင့် ၎င်း၏ ညွှန်ကြားချက်များအတိုင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် ဒလန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရကြောင်း ဖော်ထုတ်သိရှိရ။

## နေပြည်တော်ကောင်စီနယ်မြေအတွင်း ဗုံးဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊
မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း
လက်ပစ်ဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ




နေပြည်တော်မြို့မဈေးအပေါ်ထပ်ရှိ
ဈေးစည်ပင်အုပ်ချုပ်ရေးမှူးရုံးအား
လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရသည့် မှတ်တမ်းဓာတ်ပုံ




ဇမ္ဗူသီရိမြို့နယ်၊ သုသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၄၃၅၆)အနီး၌
ရပ်ထားသော လဝကဝန်ကြီးရုံး ဝန်ထမ်း ကြို/ပို့ယာဉ်အနီး၌
ပေါက်ကွဲမှုဖြစ်ပွားသည့်
မှတ်တမ်းဓာတ်ပုံ



ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ နယ်မြေ(၅)၊
ရစဖရုံးဝင်းအတွင်းရှိ ရွှေနံ့သာရဲကင်း၌ လက်ပစ်ဗုံးတွေ့ရှိခဲ့သည့်
မှတ်တမ်းဓာတ်ပုံ

# နေပြည်တော်မြို့မစျေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးအား ဗုံးဖောက်ခွဲခဲ့သည့်တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား




## နေပြည်တော်မြို့မစျေးနှင့် ဥတ္တရသီရိမြို့နယ်လျှပ်စစ်ရုံးအား ဗုံးဖောက်ခွဲခဲ့သည့်တရားခံများထံမှ ဖမ်းဆီးရမိပစ္စည်းများ



ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်အမှတ်(၉၄)၌ သိမ်းဆည်းရမိသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ



ဥတ္တရသီရိမြို့နယ်၊ B-4 လမ်းမကြီး၊ ဓာတ်အားခွဲရုံအနီး၌ တင်ကိုငြိမ်း(ခ)ရွှေကောင်းနေအိမ်မှ သိမ်းဆည်းရမိသည့် ဘောပင်သေနတ် မှတ်တမ်းဓာတ်ပုံ

# ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာအနီးတွင် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

နိုဝင်ဘာလ ၁၃ ရက်တွင် ကျိုက်မရောမြို့နယ်မှ လုံခြုံရေးပူးပေါင်းအဖွဲ့သည် ချောင်းနှစ်ခွတံတား၌ ဖြတ်သန်းသွားလာသော ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် ကြာအင်းဆိပ်ကြီး မြို့နယ်ဘက်မှ ကျိုက်မရောမြို့နယ်ဘက်သို့ မောင်းနှင်လာသော Hilux Revo (အနက်ရောင်) လိုင်စင်မဲ့ယာဉ်အား စစ်ဆေးရန် ရပ်တန့်စေခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသောကြောင့် လိုက်လံဖမ်းဆီးခဲ့ရာ-

- ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာအနီး အရောက်၌ ယာဉ်ပေါ်မှ PDF အဖွဲ့ဝင် စောညီညီ (ခ)စောမင်းမင်းဟိန်းနှင့် ဇင်ကိုကိုတို့ ၂ ဦးအား ပစ္စတိုသေနတ် ၃ လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ် ၁ လက်၊ ၁၂ ဗို့ကျည် ၇၅ တောင့်၊ ၉-မမ ကျည် ၂၅၀ တောင့်၊ ပွိုင့် ၃၈၀ ကျည် ၆၀၀တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။

ဖမ်းဆီးရမိတရားခံများအား စစ်ဆေးဖော်ထုတ်ချက်များအရ-

- ၎င်းတို့ ၂ ဦးသည် မေလတွင် KNLA တပ်မဟာ(၆)၊ ဌာနချုပ်၌ ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့ကြောင်း။
- တရားခံ စောညီညီသည် နိုဝင်ဘာလ ၉ ရက်တွင် ကိုရှား (ဖမ်းဆီးရန်ကျန်)ထံမှ AK ကျည် ၃၀၀ တောင့်အား ယူဆောင်၍ ကျိုက်မရောမြို့နယ်၊ ပြည့်စုံ စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေသည့် ထိခေါင်(ခ)ညီညီ (ဖမ်းဆီးရန်ကျန်)ထံသို့လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် KNU အဖွဲ့ဝင် စောဝင်းကိုကိုမင်းထံမှ ပွိုင့် ၃၈ ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခုအား ယူဆောင်၍ ကိုရှား ထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း။
- ဖမ်းဆီးရမိလက်နက်/ခဲယမ်းများအား KNLA တပ်မဟာ (၆)မှ စောကလေထူး၏ စေခိုင်းချက်အရ ၎င်းတို့ ၂ ဦးသည် ထိခေါင်ထံမှ ယူဆောင်၍ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်ကျေးရွာရှိ PDF အဖွဲ့မှ စောပတော့ (ခ)ဖေသူဌေး (ဖမ်းဆီးရန်ကျန်)ထံသို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ၎င်းတို့ပုန်းခိုရာနေရာများကို သိရှိပါက လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၂)**

- **PDF အဖွဲ့ဝင် စောညီညီ (ခ) စောမင်းမင်းဟိန်းနှင့် ဇင်ကိုကိုတို့ ၂ ဦးအား ပစ္စတိုသေနတ် ၃ လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ် ၁ လက်၊ ၁၂ ဗို့ကျည် ၇၅ တောင့်၊ ၉-မမ ကျည် ၂၅၀ တောင့်၊ ပွိုင့် ၃၈၀ ကျည် ၆၀၀ တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **၎င်းတို့ ၂ ဦးသည် KNLA တပ်မဟာ(၆)၊ ဌာနချုပ်၌ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ပြီး အကြမ်းဖက်မှုများ လုပ်ဆောင်ရန်အတွက် လက်နက်/ ခဲယမ်းများ သယ်ယူပို့ဆောင်ပေးနေကြောင်း ဖော်ထုတ်သိရှိရ။**

## ကျိုက်မရောမြို့နယ်၊တောင်ကလေးကျေးရွာအနီးတွင် ဖမ်းဆီးရမိသည့် တရားခံများနှင့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ



စောညီညီ(ခ)
စောမင်းမင်းဟိန်း(၂၀)နှစ်



ဇင်ကိုကို(၂၀)နှစ်



ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများ

## ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကုန်းကြမ်းမြို့နယ်၊ ကြူစီပါကျေးရွာ အနီး တားမြစ်ချိန်ကျော်လွန် သွားလာသည့် မော်တော်ယာဉ်အား တားဆီးစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကုန်းကြမ်းမြို့နယ်၊ ကြူစီပါကျေးရွာအနီး၌ လုံခြုံရေးအဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီခွဲခန့်တွင် ကြူစီပါကျေးရွာဘက်မှ စေခေါက်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် Vigo Hilux အမျိုးအစား မော်တော်ယာဉ်အမှတ် KK/A---- အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်း မရှိသဖြင့် လက်နက်ငယ်ဖြင့် ၃ ချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရ။
- ထို့သို့ ခြောက်လှန့်ပစ်ခတ်သည့်တိုင် မော်တော်ယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အရှိန်ပြင်းစွာမောင်းနှင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံပစ်ခတ်တားဆီးခဲ့ရာမှ မော်တော်ယာဉ်မှာ ရပ်တန့်သွားခဲ့။

- အဆိုပါ မော်တော်ယာဉ်အား သွားရောက်စစ်ဆေးရာ မော်တော်ယာဉ် မောင်းနှင်သူ ဦးဆွတ်တာပါး၊ ဦးကြူ ကျုံးယုံနှင့် မလီရင်းချောင်တို့ကို လက်နက်ငယ်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရပြီး မကျူဖူးဆိုက်၊ မောင်ကျူတာကော့နှင့် မကျူယွန်းဖျင်တို့ကို လက်နက်ငယ် ထိမှန်ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရ။

ကုန်းကြမ်းဒေသသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားရှိပြီး “ည ၉ နာရီမှ နံနက် ၅ နာရီအထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ လုံခြုံရေးတာဝန်ရှိသူမှအပ သွားလာခြင်းမပြုရ” ထုတ်ပြန်ထားသည့် ဒေသဖြစ်ပါသည်။ ၎င်းဒေသအတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အမှောင်ထုကို အကာအကွယ်ယူ၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခြင်းများလုပ်ဆောင်လျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း သတ်မှတ်ထားသည့် အချိန်ထက် ကျော်လွန်၍ သွားလာခြင်းဖြစ်သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန်အတွက် မော်တော်ယာဉ်အား ရပ်တန့်ရန် ကောင်းမွန်စွာ တားဆီးခဲ့သော်လည်း ရပ်တန့်ပေးခြင်း မရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အန္တရာယ်ဖြစ်စေရန် အရှိန်ပြင်းစွာ မောင်းနှင်လာခြင်းဖြစ်သဖြင့် မလွှဲသာမရှောင်သာ ပစ်ခတ်တားဆီးခဲ့ရခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သူများအား သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူများအား လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိပါသည်။ အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်သူများအား ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၁)**

- **နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီခွဲခန့်တွင် ကြူစီပါကျေးရွာဘက်မှ စေခေါက်ကျေးရွာ ဘက်သို့ မောင်းနှင်လာသည့် Vigo Hilux အမျိုးအစား မော်တော်ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်း မရှိသဖြင့် လက်နက်ငယ်ဖြင့် ၃ ချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရ။**
- **ခြောက်လှန့်ပစ်ခတ်သည့်တိုင် မော်တော်ယာဉ်မှာ ရပ်တန့်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံပစ်ခတ်တားဆီးခဲ့ရာမှ မော်တော်ယာဉ်မှာ ရပ်တန့်သွားခဲ့။**
- **မော်တော်ယာဉ်အား သွားရောက်စစ်ဆေးရာ မော်တော်ယာဉ်မောင်းနှင်သူ အပါအဝင် ၃ ဦးအား လက်နက်ငယ်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရပြီး ကျန် ၃ ဦးကို လက်နက်ငယ်ထိမှန်ဒဏ်ရာများနှင့် တွေ့ရှိခဲ့ရ။**
- **ကုန်းကြမ်းဒေသသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားရှိပြီး “ည ၉ နာရီမှ နံနက် ၅ နာရီအထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ လုံခြုံရေးတာဝန်ရှိသူမှအပ သွားလာခြင်းမပြုရ” ထုတ်ပြန်ထားသည့် ဒေသဖြစ်။**
- **ဖြစ်စဉ်တွင် သေဆုံးခဲ့သူများအား သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူများအား လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိ။**